

# ကျင့်ကြံခြင်းကမ္ဘာ

တာအိုလုလင် (ယွမ်)

(စာစဉ် – ၃) (Chapter 31 - 45)

# အခန်း (၃၁)
# ညှိနှိုင်းခြင်း

"မိန်းကလေး.... ငါတို့က အဲဒီကိစ္စကို ဘာလို့ မပြောတာလဲ....?"

စိတ်ဝိညာဉ်သခင်က ရှောင်ဟွာကို ဦးစွာ ပြောလာခဲ့သည်။ သူက တိုက်ခိုက်မှုတွင် ရှောင်ဟွာအား အနိုင်ယူနိုင်မည် မဟုတ်သည်မှာ သေချာနေခဲ့ပါသည်။ တုညီအစ်ကိုက ယွမ်နှင့် ဆက်လက်တိုက်ခိုက်နေခဲ့လျှင် သူတို့က အနေးနှင့်အမြန်ဆိုသလို ရှုံးနိမ့်သွားမည်ဖြစ်ကာ သူတို့၏ အသက်များပင် ဆုံးရှုံးသွားပေလိမ့်မည်။

လက်ထဲတွင် မည်သည့်ရွေးချယ်စရာမှ မရှိသဖြင့် သူက သူတို့အား ခွင့်လွှတ်ရန် တောင်းပန်ရုံသာ ရှိလေ၏။ သူတို့က အနည်းဆုံး တုညီအစ်ကို၏ အသက်ကို ချမ်းသာပေးရန် မျှော်လင့်မိပါသည်။

သူက ပြောလိုက်သည်။

"ငါတို့တွေ ဘာလို့ မညှိနိုင်းရတာလဲ....? မင်းက သခင်လေးတို့ကို ခွင့်လွှတ်ပေးမယ်ဆိုရင် တုမိသားစုက မင်းသခင်လေးကို သူတို့ပြဿနာရှာခဲ့တာအတွက် နစ်နာကြေး ပေးပါ့မယ်...."

"သူတို့ကို သွားခွင့်ပေးရမယ်လို့ ရှင်ပြောတာလား....? ဒါပေမယ့် သူတို့က အစ်ကိုယွမ်ဆီကို ခုန်ဝင်ချင်တဲ့ လူတွေလေ...."

ရှောင်ဟွာက အမှုမထားသော အမူအရာဖြင့် ပြန်ပြောခဲ့လေ၏။

"သခင်လေးတို့က ဒီကိစ္စမှာ မှားတယ်ဆိုတာကို ငါမငြင်းပါဘူး.... ဒါပေမယ့် သူတို့ကို သတ်လို့လည်း မင်းက ဘာမှ မရဘူးလေ.... တကယ်တော့... မင်းက သူတို့ကို သတ်လိုက်ရင် မင်းရဲ့နောက်ခံက ဘယ်လိုဖြစ်ဖြစ် တုမိသားစုက သူတို့သေဆုံးမှုအတွက် လက်စားချေဖို့ သူတို့မှာ ရှိသမျှအစွမ်းအကုန်သုံးလိမ့်မယ်.... တုမိသားစု တစ်ခုလုံးက မင်းတို့နောက် လိုက်နေမှာကို မင်းတို့နှစ်ယောက်လုံး လိုချင်မှာ မဟုတ်ဘူးဆိုတာ ငါသေချာပါတယ်...."

"တုမိသားစုလား...? သူတို့ကို အရင်က တစ်ခါမှ မကြားဖူးဘူး...."

ရှောင်ဟွာက ပြောလိုက်သည်။

"___"

စိတ်ဝိညာဉ်သခင်က ကြက်သေသေသွားခဲ့သည်။ တုမိသားစုသည် ကမ္ဘာပေါ်တွင် အစွမ်းအထက်ဆုံး မိသားစုမဟုတ်သော်လည်း သူတို့မိသားစုထဲတွင် စိတ်ဝိညာဉ်သခင်ကြီးအဆင့် ကျွမ်းကျင်သူများစွာ ရှိသဖြင့် ကျင့်ကြံခြင်း ကမ္ဘာကြီး၌ ကျော်ကြားသည်ဟု ယူဆနိုင်လေ၏။ သူတို့၏ အောင်မြင်မှုများကို မသိခဲ့လျှင်ပင် လူများက အနည်းဆုံး သူတို့၏ ဂုဏ်သတင်းကိုမူ သိကြပေလိမ့်မည်။

"ဒါ့အပြင်.... ငါက ရှင်တို့သုံးယောက်လုံးကို သတ်လိုက်ရင်... တုမိသားစုက မင်းတို့ကို ဘယ်သူသတ်ခဲ့လဲဆိုတာ ဘယ်လိုလုပ် သိတော့မှာလဲ....? ရှင်တို့ထဲက တစ်ယောက်ယောက် လွတ်သွားခဲ့ရင်တောင် ငါတို့ ဘယ်သူလဲဆိုတာ ရှင်တို့သိလို့လား....? ရှင်က ငါတို့ကို ဘယ်လိုလိုက်ရှာမှာလဲ...?"

ရှောင်ဟွာက သူမ၏ ကလေးဆန်သော အသွင်အပြင်နှင့် မလိုက်ဖက်

သည့် အေးစက်စက် အကြည့်နှင့်အတူ သူ့အား မေးလိုက်လေ၏။

ရှောင်ဟွာ၏ စကားကို ကြားပြီးနောက်တွင် စိတ်ဝိညဉ်သခင်၏ အသားအရေက ချက်ချင်းပင် ဖြူဖျော့သွားခဲ့ပါသည်။ သူက သူတို့ အခြေအနေ၏ အတိမ်အနက်ကို စတင်၍ သဘောပေါက်သွားခဲ့လေ၏။ ရှောင်ဟွာက သူ့အပါအဝင် တုညီအစ်ကိုအား သတ်လိုက်လျှင် တရားခံများနှင့် ပတ်သက်ပြီး တုမိသားစုအား မည်သူက ပြောပြမည်နည်း....? သူက တစ္ဆေများနှင့် စကားပြောနိုင်ခြင်း မရှိလျှင် သူတို့သည် အမှန်တရားကို ဘယ်သောအခါမှာ ရှာတွေ့လိမ့်မည် မဟုတ်ချေ။

"ကျေး... ကျေးဇူးပြုပြီး သနားပါဦး မိန်းကလေး....? ဒီလို သေးငယ်တဲ့ အရှုပ်အထွေးလေးအတွက် သွေးစွန်းဖို့ မလိုပါဘူး... ဟုတ်တယ်ဟုတ်....? ပြောရရင်.... အဲဒီနှစ်ယောက်က မောက်မာမှုနှင့် မာနတွေ ငယ်ထိပ်တက်ဆောင့်နေတဲ့ မလိမ်မိုး မလိမ္မာ ဂျူနီယာလေး နှစ်ယောက်ပါ.....! ဒီမှာ သူတို့လို လူမျိုးတွေ အများကြီး ရှိပါတယ်.... မင်းရဲ့ သခင်လေးတောင်မှ အရင်က အမှားလုပ်မိခဲ့မယ်ဆိုတာ ငါသေချာပါတယ်....!"

စိတ်ဝိညဉ်သခင်က စတင်၍ အသနားခံလာခဲ့သည်။ ရှောင်ဟွာ၏ ဖိအားကြောင့်သာ မဟုတ်လျှင် သူသည် သူမအား ကန်တော့ပေလိမ့်မည်။

"အစ်ကိုယွမ်ကို အဲဒီ အနိုင်ကျင့်တတ်တဲ့ လူယုတ်မာနှစ်ယောက်နဲ့ မနှိုင်းစမ်းနဲ့....! သူက ဘယ်သူမှ မရှိတဲ့အချိန်မှာ ရှောင်ဟွာနဲ့ ကစားတဲ့ ကြင်နာတတ်တဲ့ အစ်ကိုတစ်ယောက်ပဲ...."

ရှောင်ဟွာက ရုတ်တရက် အော်လိုက်သည်။ သူမက မတော်တဆ သတ်ဖြတ်ခြင်း ဆန္ဒအား ထုတ်လွှတ်လိုက်မိလေ၏။ ၎င်းက စိတ်ဝိညဉ်သခင်အား အသက်ရှူကြပ်သွားစေခဲ့သည်။

"ငါ... အသက်ရှူလို့... မရတော့... ဘူး....!"

စိတ်ဝိဉာဉ်သခင်က လည်ပင်းအစ်နေခဲ့ပါသည်။

ထိုအချိန်တွင် ယွမ်က တုညီအစ်ကိုအား မြေပြီးပေါ်သို့ အမှောက်သိပ် လိုက်လေ၏။ သူက သူ့နောက်ရှိ ပြင်းထန်သည့် အရှိန်အဝါတစ်ခုကို သတိပြုမိလိုက်သည်။ ထို့ကြောင့် သူက နောက်လှည့်ကာ ကြည့်လိုက်ပါ သည်။

"ရှောင်ဟွာ….!"

ရှောင်ဟွာ၏ မျက်နှာပေါ်ရှိ မကျေနပ်သော အမူအရာကို မြင်လိုက် သောအခါ သူ၏ ပထမဆုံးအတွေးမှာ စိတ်ဝိဉာဉ်သခင်က သူမအား တစ်ခုခု လုပ်လိုက်ပြီ ဟူ၍ဖြစ်သည်။ ထို့ကြောင့် သူက တုညီအစ်ကိုအား လ စ်လျူရှုကာ သူမနံဘေးသို့ ချက်ချင်း ပြေးသွားခဲ့လေ၏။

"မင်းအဆင်ပြေရဲ့လား ရှောင်ဟွာ….?"

"ဟမ်….?"

ယွမ်၏ အသံကို ကြားလိုက်သောအခါ ရှောင်ဟွာက သူမ၏ ဒေါသကို ရုတ်သိမ်းပြီး စိုးရိမ်သော အမူအရာနှင့် ကြည့်နေသည့် သူ့အား လှည့်ကြည့် လိုက်သည်။

"မင်း ဘယ်နေရာ နာသွားသေးလဲ…?"

သူက သူမကို မေးလိုက်လေ၏။

သူမက ခေါင်းငြိမ့်လိုက်သည်။

"ရှောင်ဟွာ အဆင်ပြေပါတယ် အစ်ကိုယွမ်…."

"တော်သေးတာပေါ့…. အဲလိုကြားရတာ အရမ်းကောင်းတယ်…."

သူက စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းချလိုက်မိသည်။

ရှောင်ဟွာတစ်ယောက် ဘေးကင်းသည်ကို သိရှိပြီးနောက်တွင် ယွမ်က

နောက်ဆုံး၌ မာရသွန်ပြိုင်ပွဲ ဝင်လာသူတစ်ဦးပမာ ချွေးများ ရွှဲနစ်ကာ မောပန်းနေသည့် မြေကြီးပေါ်လဲကျနေသော စိတ်ဝိဉာဉ်သခင်အား သတိပြု မိခဲ့လေ၏။

"သူက ဘာဖြစ်သွားတာလဲ....?"

သူက ရှောင်ဟွာအား ပြောလိုက်ပါသည်။

"ရှောင်ဟွာလည်း မသိဘူးရယ်...."

သူမက သာမန်အတိုင်းပင် ပြန်ပြောခဲ့သည်။

အသက်ရှူမှန်အောင် ထိန်းပြီးနောက်တွင် စိတ်ဝိဉာဉ်သခင်က ပြောလာခဲ့ လေ၏။

"ကျေးဇူးပြုပြီ... မင်းတို့ကို ငါတောင်းပန်ပါတယ်... ငါတို့ကို မသတ်ပါ နဲ့...."

"အဲဒါကို ငါဆုံးဖြတ်ရမှာ မဟုတ်ဘူး...."

ရှောင်ဟွာက ပြောလိုက်သည်။ ထို့နောက်တွင် သူမက မင်သက်နေသည့် ယွမ်အား လှည့်ကြည့်ခဲ့လေ၏။

"သူက ဘာတွေ ပြောနေတာလဲ....? ငါတို့က သူတို့ကို ဘာလို့ သတ်ရမှာ လဲ....?"

ယွမ်က ပြောလိုက်သည်။

"အာ....? မင်းက ငါတို့ကို မသတ်ဘူးလား...?"

စိတ်ဝိဉာဉ်သခင်က တုန်လှုပ်မှုများ ပြည့်နှက်နေသည့် ပြူးကျယ်နေသော မျက်လုံးများဖြင့် သူ့အား ကြည့်နေမိသည်။

"ဒါပေါ့.... ငါက ဒီနေ့ နည်းနည်းဒေါသထွက်ပေမယ့်... ငါ့ကို ဆန့်ကျင် တာကြောင့် အဲဒီလူကို သတ်မယ့်လူမျိုးထဲမှာ ငါမပါဘူး.... ဒါပေမယ့်...

ငါက လူတစ်ယောက်ကို ဘယ်တော့မှ မသတ်ဘူးလို့တော့ မဆိုလိုဘူး နော်.... ငါ့မှာလည်း အကန့်အသတ် ရှိတယ်...."

ယွမ်က သူ့အား ပြောလိုက်လေ၏။

"ကျေး... ကျေးဇူးတင်ပါတယ် သခင်လေး....! ညှာတာပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်....! ကျွန်တော်က အဲဒီနှစ်ယောက်နဲ့အတူ ချက်ချင်း ထွက်သွားပါ့မယ်.... ပြီးတော့ မင်းတို့ရှေ့မှာ နောက်တစ်ခါ ဘယ်တော့မှ မ ပေါ်လာတော့ပါဘူး.....!"

စိတ်ဝိဉာဉ်သခင်က မျက်ရည်များ ကျဆင်းလာပြီး သူ့အား အရိုအသေ ပြု လာခဲ့သည်။

"ခဏနေပါဦး....! ခင်ဗျားတို့ကို မြန်မြန်သွားလို့ ရပြီလို့ ဘယ်သူက ပြော လို့လဲ...?"

ယွမ်က ရုတ်တရက် ပြောလိုက်သည်။

"အမ်....?"

စိတ်ဝိဉာဉ်သခင်က မျက်လုံးများ ပြူးလျက် သူ့အား ကြည့်မိလေ၏။

"ကျုပ်က မမျှော်လင့်ဘဲနဲ့ အဲဒီနှစ်ယောက်နဲ့ တိုက်ခိုက်လိုက်ရတော့ ကျုပ် ရဲ့ အင်အားအများစုကို သုံးလိုက်ရတယ်.... ကျုပ်က မကြာသေးခင်ကမှ ဗိုက်ဖြည့်ဖို့ ရွှေပြားငါးရာတောင် သုံးခဲ့ရတာ.... အခု ကျုပ်က ကျုပ်ပိုက်ဆံ တွေကို ဖြုန်းတီးလိုက်သလို ခံစားနေရတယ်... ဒီကံဆိုးမှုအတွက် ခင်ဗျား က ကျုပ်ကို ဘယ်လို နစ်နာကြေးပေးမှာလဲ....?"

ယွမ်က မျက်မှောင်ကုပ်ပြီး ပြောခဲ့ပါသည်။

"___"

စိတ်ဝိဉာဉ်သခင်သာမက ရှောင်ဟွာသည်ပင် တုန်လှုပ်မှုဖြင့် မျက်လုံးများ

ပြုံးကာ သူ့အား ကြည့်နေခဲ့လေ၏။

"ဒါ.... ဒါပေါ့.... အဲဒါက အများကြီး မဟုတ်ပေမယ့်လည်း သခင်လေးက စွမ်းအား အများစုကို အသုံးပြုလိုက်ရတာကြောင့်.... ကျုပ်... ကျုပ်က ဒါတွေအကုန်လည်း မင်းကို ပေးချင်ပါတယ်...."

စိတ်ဝိညာဉ်သခင်က သူ့ပိုက်ဆံအိတ်ကို လျင်မြန်စွာ ထုတ်ယူပြီး နတ်ဘုရားတစ်ပါးအား ပူဇော်မှုတစ်ခု ပေးအပ်သကဲ့သို့ ယွမ်အား ပေးလိုက်ပါသည်။

'ငါက ခြိမ်းခြောက်ငွေညှစ်ခံရတဲ့သူ ဖြစ်လာတဲ့ တစ်ရက်ရှိလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိဘူး.... ပြီးတော့... အဲဒါက စိတ်ဝိညာဉ်စစ်သည်တော် ဂျူနီယာတစ်ယောက် ဖြစ်နေသေးတယ်.... လဖွတ်ပဲကွာ....!"

သူက စိတ်ထဲတွင် ငိုကြွေးနေမိသည်။ သူ၏ စိတ်ဝိညာဉ်သခင်တစ်ဦးဟူသော မာနက အပိုင်းတစ်ထောင်ခန့် ကြေမွကွဲအက်သွားသကဲ့သို့ ခံစားနေရလေ၏။

ယွမ်က လည်ချောင်းရှင်းပြီး မျက်နှာပေါ်တွင် အရှက်ကို တစ်စက်မှ မပေါ်ဘဲ ပိုက်ဆံအိတ်အား လက်ခံလိုက်သည်။ ထို့နောက်တွင် သူက ပြောခဲ့ပါသည်။

"လှူဒါန်းမှုအတွက် ကျေးဇူးတင်ပါတယ်...."

'လှူဒါန်းမှု... လဖွတ်ကို လှူဒါန်းမှုပါလား.... မင်းအမေ ဇီးကွက်ပဲ....!'

စိတ်ဝိညာဉ်သခင်က စိတ်ထဲ၌ ပြန်ပြောခဲ့သော်လည်း သူက ကျယ်လောင်စွာ စောဒက မတက်ဝံ့ပေ။ ယွမ်က စိတ်ကိုပြောင်းပြီး သူတို့အားလုံးကို သတ်လိုက်မည်အား သူက ကြောက်ရွံ့နေခဲ့ပါသည်။

"ခင်ဗျားတို့ အခု သွားလို့ရပြီ...."

ယွမ်၏ ခွင့်ပြုချက်အား ရရှိပြီးနောက်တွင် စိတ်ဝိညဉ်သခင်က ချက်ချင်း ဆိုသလိုပင် တုညီအစ်ကိုအား ဆွဲခေါ်ပြီး မြင်ကွင်းမှ လျင်မြန်စွာ ထွက်ခွာ သွားခဲ့လေ၏။

"ခ... ခဏ စောင့်ဦး....! ခင်ဗျားက ကျုပ်တို့ကို ဘယ်ခေါ်နေတာလဲ...? ကျုပ်တို့က သူ့ကို မရှုံးသေးဘူးလေ....!"

"ငါ့ကို သူနဲ့ တိုက်ခွင့်ပေး....! ငါက သူ့ကို မရိုက်ရရင်... ဒီည အိပ်ပျော်မှာ မဟုတ်ဘူး....!"

တုညီအစ်ကိုက စိတ်ဝိညဉ်သခင်၏ ဆုပ်ကိုင်မှုမှ လွတ်မြောက်အောင် ရုန်းကန်ခဲ့ကြသည်။ သို့သော် သူတို့က သူ့ထက် နယ်ပယ်တစ်ခု နိမ့်ကျနေ သဖြင့် သူက အားစိုက်စရာပင် မလိုဘဲ သူတို့ကို ခေါ်ဆောင်သွားနိုင်ခဲ့ လေ၏။ အတန်ကြာပြီးနောက်တွင် သူတို့က ပျောက်ကွယ်သွားခဲ့ပါသည်။

ဆက်ရန်

အခန်း (၃၂) ဓားအရှိန်အဝါ

***